မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၆ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၉/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၆ ရက် )

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ လေးဆယ်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၉၇-ခ/လေးဆယ်ကုန်းအနောက်)၊ မြေကွက်အမှတ် (၂၀၉၈) ရှိ **"လေးဆယ်ကုန်းကျေးရွာ၊ ရွာဦးကျောင်း"** သာသနာ့မြေဧရိယာ (၂. ၆၂) ဧကအနက်မှ မြေဧရိယာ **(၀. ၀၂) ဧက**ကို ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ - ၅၃ (က) နှင့်အညီ သိမ်ဒါယကာ **ဦးမိုးကျော် [၁၂/ရကန (နိုင်) ၀၂၂၅၃၇]** အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၄၃၇/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက် )

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥရှစ်ပင်ကျေးရွာအုပ်စုမှ ဥရှစ်ပင်ကျေးရွာ၊ ကျောက်ဖူးကျေးရွာအုပ်စုမှ ကျောက်ဖူးကျေးရွာ မြေ (၂၀၅) ဧကနှင့် ဘဂ်ကျေးရွာမြေ (၁၆၅) ဧကတို့အား စုစည်း၍ ဥရှစ်ပင်မြို့အဖြစ်လည်းကောင်း၊ ဥရှစ်ပင်ကျေးရွာအုပ်စုမှ ကျန်ကျေးရွာများအား လဲကျေးရွာအုပ်စုနှင့် ညောင်ခြေထောက်ကျေးရွာအုပ်စုအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) ဥရှစ်ပင်မြို့ | (၁) ရတနာပုံရပ်ကွက် |
| | (၂) ရွှေပင်ရပ်ကွက် |
| | (၃) ပြည်တော်သာရပ်ကွက် |

( ခ ) **ကျေးရွာအုပ်စုပြုပြင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ပြီးကျေးရွာအုပ်စု** | **ပြုပြင်ပြီးကျေးရွာ** |
|---|---|---|---|
| (၁) ဥရှစ်ပင် | (၁) လဲ | (၁) **လဲ** | (၁) လဲ |
| | (၂) ယင်း | | (၂) ယင်း |
| | (၃) ခုံကြီး | | (၃) ခုံကြီး |
| | (၄) ချောင်းခွ | | (၄) ချောင်းခွ |
| | (၅) ဖို | | (၅) ဖို |
| | (၆) ညောင်ခြေထောက် | (၂) **ညောင်ခြေထောက်** | (၁) ညောင်ခြေထောက် |
| | (၇) **ဥရှစ်ပင်** | | |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥရှစ်ပင်ကျေးရွာအုပ်စုမှ ဥရှစ်ပင်ကျေးရွာ၊ ကျောက်ဖူးကျေးရွာအုပ်စုမှ ကျောက်ဖူးကျေးရွာ မြေ (၂၀၅) ဧကနှင့် ဘင်္ဂကျေးရွာ မြေ (၁၆၅) ဧကတို့အား စုစည်း၍ ဥရှစ်ပင်မြို့အဖြစ်လည်းကောင်း၊ ဥရှစ်ပင်ကျေးရွာအုပ်စုမှ ကျန်ကျေးရွာများအား လဲကျေးရွာအုပ်စုနှင့် ညောင်ခြေထောက်ကျေးရွာအုပ်စုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ပန်းတောင်းမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၃၈/၂၀၁၃)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းကျေးရွာအုပ်စုမှ ကျေးရွာ (၁၀) ရွာအား စုစည်း၍ ရပ်ကွက် (၂) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိသော ပုတီးကုန်းမြို့အဖြစ်လည်းကောင်း၊ ကျန်ကျေးရွာများအား မိုးတိမ်ပြင်ကျေးရွာအုပ်စုနှင့် ဆင်ကျုံးကျေးရွာအုပ်စုအဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) ပုတီးကုန်းမြို့ | (၁) ချမ်းမြေ့သာယာရပ်ကွက် |
| | (၂) သုခဝေဖြာရပ်ကွက် |

( ခ ) **ကျေးရွာအုပ်စုပြုပြင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ပြီးကျေးရွာအုပ်စု** | **ပြုပြင်ပြီးကျေးရွာ** |
|---|---|---|---|
| (၁) ပုတီးကုန်း | (၁) မိုးတိမ်ပြင် | (၁) **မိုးတိမ်ပြင်** | (၁) မိုးတိမ်ပြင် |
| | (၂) ကြခတ္တန်း | | (၂) ကြခတ္တန်း |
| | (၃) ဘူးပြော | | (၃) ဘူးပြော |
| | (၄) ရုံးပင်လမ်းခွဲ | | (၄) ရုံးပင်လမ်းခွဲ |
| | (၅) ဆင်ကျုံး | (၂) **ဆင်ကျုံး** | (၁) ဆင်ကျုံး |
| | (၆) ဇောင်းပလေးကုန်း | | (၂) ဇောင်းပလေးကုန်း |
| | (၇) **ပုတီးကုန်း** | | |
| | (၈) **ပေါက်ရဲကြား** | | |
| | (၉) **ဝင်းဘုရားသား** | | |
| | (၁၀) **ပြည်တော်သာ** | | |

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ပြီးကျေးရွာအုပ်စု** | **ပြုပြင်ပြီးကျေးရွာ** |
|---|---|---|---|
| | (၁၁) **ရွာမ** | | |
| | (၁၂) **ဗိုလ်ရုံ** | | |
| | (၁၃) **ချောင်းငန်းလမ်း** | | |
| | (၁၄) **မီးရထားဝန်း** | | |
| | (၁၅) **သီရိဇေယျာလမ်း** | | |
| | (၁၆) **ရွှေပြည်အေး** | | |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ပုတီးကုန်းကျေးရွာအုပ်စုနှင့် ကျေးရွာ (၁၀) ရွာအား စုစည်း၍ ရပ်ကွက် (၂) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိသော ပုတီးကုန်းမြို့အဖြစ် လည်းကောင်း၊ ကျန်ကျေးရွာများအား မိုးတိမ်ပြင်ကျေးရွာအုပ်စုနှင့် ဆင်ကျုံးကျေးရွာအုပ်စုအဖြစ် တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် သဲကုန်းမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာ များ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် သဲကုန်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှတ်တွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၃၉/၂၀၁၃)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘုရားကြီးကျေးရွာအုပ်စုမှ ကျေးရွာ (၄) ရွာအား စုစည်း၍ ရပ်ကွက် (၃) ရပ်ကွက်ဖြင့် ဘုရားကြီးမြို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးမြို့** | **ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက်** |
|---|---|---|---|
| (၁) ဘုရားကြီး | (၁) ဘုရားကြီး | (၁) ဘုရားကြီး | (၁) ဘုရားကြီး (၁) |
| | (၂) ရှမ်းစု | | (၂) ဘုရားကြီး (၂) |
| | (၃) တောင်ပဲသီးကုန်း | | (၃) ဘုရားကြီး (၃) |
| | (၄) နတ်ကင်း | | |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘုရားကြီးကျေးရွာအုပ်စုမှ ကျေးရွာ (၄) ရွာအား စုစည်း၍ ရပ်ကွက် (၃) ရပ်ကွက်ဖြင့် ဘုရားကြီးမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၄) ရွာပယ်ဖျက်ခြင်းတို့ကြောင့် ပဲခူးမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလား အလာ သတ်မှတ်ချက်များသည် ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှတ်တွဲတွင် ပါရှိသည့်အတိုင်း ဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၀/၂၀၁၃)

၁။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာအုပ်စု (၁၀) အုပ်စုမှ ကျေးရွာ (၁၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု (၇) အုပ်စုမှ ကျေးရွာ (၁၂) ရွာပယ်ဖျက်ခြင်းတို့ကို အောက်ပါ အတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ကျေးရွာအုပ်စုအသီးသီးမှ ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်း**

| **ကျေးရွာအုပ်စု** | **မူလကျေးရွာများ** | **ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ** |
|---|---|---|
| (၁) ကျောင်းတောင် | (၁) ကျောင်းတောင် | (၁) ကျောင်းတောင် |
| | (၂) ပုဇွန်ချောင်း | (၂) ပုဇွန်ချောင်း |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| | (၃) စာကိုင်း | (၃) စာကိုင်း |
| | (၄) သဲနီချောင်း | (၄) သဲနီချောင်း |
| | (၅) ကျော်ဦး | (၅) ကျော်ဦး |
| | (၆) **ကျောက်တွဲချောင်း** | |
| (၂) ဇီးထုံ | (၁) ဇီးထုံရခိုင် | (၁) ဇီးထုံရခိုင် |
| | (၂) တောင်ကြီးရင်း | (၂) တောင်ကြီးရင်း |
| | (၃) ယင်းမဇီးထုံ | (၃) ယင်းမဇီးထုံ |
| | (၄) **သာစည် (မြို)** | |
| (၃) တပ်မင်းချောင်း | (၁) တပ်မင်းချောင်း | (၁) တပ်မင်းချောင်း |
| | (၂) **ဖျာမောက်** | |
| | (၃) **ဖလန်း** | |
| | (၄) **မြောင်း** | |
| | (၅) **တောင်ပိုင်း** | |
| (၄) ကညင်ချောင်း | (၁) မင်းလှကိုင်း | (၁) မင်းလှကိုင်း |
| | (၂) **ရေဘူ** | |
| | (၃) **တမန်းသား** | |
| | (၄) **ကျောက်ပြင်ချောင်း** | |
| (၅) ကျောက်ဖြူတောင် | (၁) ကျောက်ဖြူတောင် | (၁) ကျောက်ဖြူတောင် |
| | (၂) **သာယာကုန်း (ခ) ထိန်တော** | |
| (၆) စပါးထား | (၁) စပါးထား | (၁) စပါးထား |
| | (၂) ကွမ်းတောင် | (၂) ကွမ်းတောင် |
| | (၃) **အသဲချောင်း** | |
| (၇) စေတောင် | (၁) စေတောင် | (၁) စေတောင် |
| | (၂) ကံပြင် | (၂) ကံပြင် |
| | (၃) **ပြင်ချောင်း (ခမီ)** | |
| (၈) တင်းမေ | (၁) တင်းမေ | (၁) တင်းမေ |
| | | (၂) **ကွဲရိုင်း (နတလ)** |
| (၉) တရဂူ | (၁) တရဂူ | (၁) တရဂူ |
| | (၂) မှိုင်းစရီ | (၂) မှိုင်းစရီ |
| | (၃) ဗဟိုပြင်ရွာသစ် | (၃) ဗဟိုပြင်ရွာသစ် |
| | (၄) သံပုရာ | (၄) သံပုရာ |
| | (၅) ဗဟိုပြင်ရွာဟောင်း | (၅) ဗဟိုပြင်ရွာဟောင်း |
| | (၆) ချောင်းချေ | (၆) ချောင်းချေ |
| | (၇) ပန်းကုံးမ | (၇) ပန်းကုံးမ |
| | (၈) ပေါက်ကျပ် | (၈) ပေါက်ကျပ် |
| | (၉) ဆင်မဦးကိုင် | (၉) ဆင်မဦးကိုင် |
| | (၁၀) ဒိုးတန်း | (၁၀) ဒိုးတန်း |
| | (၁၁) ပီရွက်ရခိုင် | (၁၁) ပီရွက်ရခိုင် |
| | (၁၂) ရေချမ်း | (၁၂) ရေချမ်း |
| | (၁၃) ပေါက်ကျပ်ဝ | (၁၃) ပေါက်ကျပ်ဝ |

| ကျေးရွာအုပ်စု | မူလကျေးရွာများ | ပြင်ဆင်ဖွဲ့စည်းမည့်ကျေးရွာများ |
|---|---|---|
| | (၁၄) ငသိုင်းချောင်း | (၁၄) ငသိုင်းချောင်း |
| | (၁၅) စိတ္တရ | (၁၅) စိတ္တရ |
| | (၁၆) အင်းချောင်း | (၁၆) အင်းချောင်း |
| | | (၁၇) **သရဖီ (နတလ)** |
| (၁၀) ဒပြုချောင်း | (၁) ဒပြုချောင်း | (၁) ဒပြုချောင်း |
| | | (၂) **အင်ကြင်းမြိုင် (နတလ)** |
| (၁၁) သရက်ကင်းမနု | (၁) သရက်ကင်းမနု | (၁) သရက်ကင်းမနု |
| | (၂) ကြက်မောက်တောင် | (၂) ကြက်မောက်တောင် |
| | | (၃) **ဝါးခုတ်ချောင်း (နတလ)** |
| (၁၂) မျောက်ရဲ (ခ) ပန်းဘဲချောင်း | (၁) ပန်းဘဲချောင်း (ရခိုင်) | (၁) ပန်းဘဲချောင်း (ရခိုင်) |
| | (၂) ပန်းဘဲချောင်း (ကုလား) | (၂) ပန်းဘဲချောင်း (ကုလား) |
| | | (၃) **ကထီးလှ (နတလ)** |
| (၁၃) လက်ဝဲဒက်ပြင်ရှည် | (၁) လက်ဝဲဒက်ပြင်ရှည် | (၁) လက်ဝဲဒက်ပြင်ရှည် |
| | (၂) ထင်ရှားပြင် | (၂) ထင်ရှားပြင် |
| | (၃) ဒုံးချောင်း | (၃) ဒုံးချောင်း |
| | (၄) ကျောက်လှပြင် | (၄) ကျောက်လှပြင် |
| | (၅) မော်နီကူလ် | (၅) မော်နီကူလ် |
| | (၆) အင်းဖောက် | (၆) အင်းဖောက် |
| | | (၇) **သပြေတော** |
| | | (၈) **ဂန္ဓမာ (နတလ)** |
| (၁၄) ကင်းတောင် (ခ) ကြာညိုပြင် | (၁) ကင်းတောင် (ခ) ကြာညိုပြင် | (၁) ကင်းတောင် (ခ) ကြာညိုပြင် |
| | (၂) ဘာရီဇာ | (၂) ဘာရီဇာ |
| | | (၃) **ဒုံးသိမ်** |
| (၁၅) ဂူဒါပြင် | (၁) ဂူဒါပြင် | (၁) ဂူဒါပြင် |
| | (၂) သရက်တောင် | (၂) သရက်တောင် |
| | (၃) တောင် | (၃) တောင် |
| | | (၄) **ကျောက်စာတိုင် (စုစည်း)** |
| (၁၆) ပေါက်တော | (၁) ပေါက်တော | (၁) ပေါက်တော |
| | (၂) အတွင်းပြင် | (၂) အတွင်းပြင် |
| | | (၃) **အောင်ဇေယျ (ရခိုင်)** |
| (၁၇) ဘုရားပြင်အောင်ပ | (၁) ဘုရားပြင် | (၁) ဘုရားပြင် |
| | (၂) အောင်ပ | (၂) အောင်ပ |
| | | (၃) **ကံ့ကော်မြိုင် (နတလ)** |

၂။ အထက်ဖော်ပြပါအတိုင်း ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်ရှိ ကျေးရွာအုပ်စု (၁၀) အုပ်စုမှ ကျေးရွာ (၁၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု (၇) အုပ်စုမှ ကျေးရွာ (၁၂) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် ဘူးသီးတောင်မြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာ

များ၏ ဖွဲ့စည်းတည်ရှိမှုဇရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၄၄၁/၂၀၁၃)

၁။ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ ဆွာစက်ရုံကျေးရွာအုပ်စုမှ ကျေးရွာ (၁၃) ရွာအား စုစည်း၍ ရပ်ကွက် (၂) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိသော ဆွာမြို့အဖြစ် အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **မြို့၊ ရပ်ကွက်/ကျေးရွာအုပ်စုနှင့် ကျေးရွာများပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီးမြို့** | **ပြုပြင်ဖွဲ့စည်းပြီးရပ်ကွက်** |
|---|---|---|---|
| (၁) ဆွာစက်ရုံ | (၁) ဆွာစက်ရုံ (၁) | (၁) **ဆွာမြို့** | (၁) ဆွာမြောက်ပိုင်း |
| | (၂) ဆွာစက်ရုံ (၂) | | (၂) ဆွာတောင်ပိုင်း |
| | (၃) ဆွာစက်ရုံ (၃) | | |
| | (၄) ဆွာစက်ရုံ (၄-က) | | |
| | (၅) ဆွာစက်ရုံ (၄-ခ) | | |
| | (၆) ဆွာစက်ရုံ (၅) | | |
| | (၇) ဆွာစက်ရုံ (၆) | | |
| | (၈) တောင်ကြား (အရှေ့) | | |
| | (၉) တောင်ကြား (အနောက်) | | |
| | (၁၀) ရှမ်း | | |
| | (၁၁) အုန်းခြံ | | |
| | (၁၂) ပိတောက်မြိုင် | | |
| | (၁၃) ဆွာ (၇) ရပ်ကွက် | | |

၂။ အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ ဆွာစက်ရုံကျေးရွာအုပ်စုမှ ကျေးရွာ (၁၃) ရွာအား စုစည်း၍ ရပ်ကွက် (၂) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိသော ဆွာမြို့အဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၁၃) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် ရေတာရှည်မြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဇရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ရေတာရှည်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့်အတိုင်းဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက် )

အမှတ် ၂၂၄/၂၀၁၃ ။ ။ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အောင်အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၂၆၀ (၆၀)/၉/သမ္မတရုံး အရ လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁/၁၀၅-ကူးပြောင်း/အဖရ (၂၀၁၃) အရလည်းကောင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သော ဦးမိုးကျော်အောင်အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အဖြစ် ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၂၂၅/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၂၂၄/၂၀၁၃) ကို ရည်ညွှန်းလျက် ဦးမိုးကျော်အောင်သည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ စတင်တာဝန်ထမ်းဆောင်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၀ ရက် )

အမှတ် ၂၃၈/၂၀၁၃ ။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် လွှဲပြောင်းပေးလိုက်သော ကြည်း ၁၆၅၇၁ ဗိုလ်ချုပ်လှမြင့်ရွှေအား သံအမတ်ကြီးအဖြစ် တာဝန်ပေးခန့်ထားနိုင်ရေးအတွက် ဤဝန်ကြီးဌာနရှိ သံအမတ်ကြီး ရာထူးတစ်နေရာတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှအစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၂၃၉/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၂၃၈/၂၀၁၃) ကို ရည်ညွှန်းလျက် ဗိုလ်ချုပ်လှမြင့်ရွှေသည် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သံအမတ်ကြီးရာထူး တစ်နေရာတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ တာဝန်ထမ်းဆောင်သည်။

အမှတ် ၂၄၀/၂၀၁၃ ။ ။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် လွှဲပြောင်းပေးလိုက်သော ကြည်း ၁၆၇၃၆ ဗိုလ်မှူးချုပ်မင်းသိန်းဇံအား သံအမတ်ကြီးအဖြစ် တာဝန်ပေးခန့်ထားနိုင်ရေးအတွက် ဤဝန်ကြီးဌာနရှိ သံအမတ်ကြီးရာထူးတစ်နေရာတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှအစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၂၄၁/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၂၄၀/၂၀၁၃) ကို ရည်ညွှန်းလျက် ဗိုလ်မှူးချုပ်မင်းသိန်းဇံသည် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ သံအမတ်ကြီး ရာထူးတစ်နေရာတွင် ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ တာဝန်ထမ်းဆောင်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃၁ ရက် )

အမှတ် ၂၄၄/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပမြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ရုံးအုပ်/သံရုံးအုပ်များအား ၂၀၁၃ ခုနှစ်၊

ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဌာနစုမှူး (၂)/တတိယအတွင်းဝန်များအဖြစ် ရာထူးတိုးမြှင့်ခန့်ထား လိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| ၁။ | ဦးဝင်းမြင့်ဦး | မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့ |
| ၂။ | ဦးဇော်ထွန်း | မြန်မာသံရုံး၊ လန်ဒန်မြို့ |
| ၃။ | ဦးသန်းလွင် | နိုင်ငံရေးရာဦးစီးဌာန |
| ၄။ | ဒေါ်ခင်အေးမိ | စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန |
| ၅။ | ဒေါ်ဆွေဆွေဝင့် | မြန်မာသံရုံး၊ ကိုလံဘိုမြို့ |
| ၆။ | ဦးချစ်ခိုင် | မြန်မာသံရုံး၊ ဆိုးလ်မြို့ |
| ၇။ | ဒေါ်လှသီတာ | မြန်မာသံရုံး၊ ပေကျင်းမြို့ |
| ၈။ | ဦးစောရွှေ | မြန်မာသံရုံး၊ ဒါကာမြို့ |
| ၉။ | ဦးထွန်းအောင်ဗိုလ် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့ |
| ၁၀။ | ဦးမြင့်သိန်း | မြန်မာသံရုံး၊ စင်ကာပူမြို့ |
| ၁၁။ | ဒေါ်သန်းသန်းဌေး | သံတမန်ရေးရာဦးစီးဌာန |

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄၄/၂၀၁၃) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနစုမှူး (၂) များအတွက် လစာနှုန်းထား (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့စွဲပါ စာအမှတ်၊ ဘခ-၁/၂၇၉ (၁၀၆၆/၂၀၁၂) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တတိယအတွင်းဝန်များအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၃၂၅) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သာသနာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက် )

အမှတ် ၂၂ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဤဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) ၏ သဘောတူညီချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ် ၅/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) ဖြင့် သာသနာရေးဝန်ကြီးဌာနသို့ အမြဲတမ်းပြောင်းရွှေ့ရောက်ရှိလာသော ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ (ပစ္စည်း) ဦးမျိုးညွန့်အောင်အား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ကိုးကွယ်မှုဘာသာရေးနှင့် သာသနာပြုမဟာဌာနတွင် လစ်လပ်လျက်

ရှိသော ပါမောက္ခ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ ညွှန်ကြားရေးမှူးနှင့်အဆင့်တူရာထူးနေရာ၌ လစာနှုန်းတူ/အဆင့်တူဖြင့် ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

အမှတ် ၂၃ ။ ။ ပါမောက္ခရာထူးနေရာ ကျောထောက်နောက်ခံပြု ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်အား လုပ်ငန်းလိုအပ်ချက်အရ ကိုးကွယ်မှုဘာသာရေးကိစ္စများနှင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၄ ။ ။ ဤဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## ဝန်ကြီးရုံး

အမှတ် ၂၅ ။ ။ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နုအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှစ၍ ယင်းရာထူး၌ (အမြဲတမ်း) အတည်ပြုခန့်ထားလိုက်သည်။

ဦးဆန်းဆင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

အမှတ် ၁၅ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လစာနှုန်း (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ရုံးအုပ် (၄) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ၏ သဘောတူညီချက်အရ ဦးစီးအရာရှိ (စီမံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါ်ခင်ထားရွှေ | ရုံးအုပ် |
| (ခ) | ဦးခင်မောင်ဝင်း | ရုံးအုပ် |
| (ဂ) | ဦးအေးကို | ရုံးအုပ် |
| (ဃ) | ဒေါ်ပြုံးပြုံးကြည် | ရုံးအုပ် |

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက် )

### စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ဖွဲ့စည်းပုံအား အတည်ပြုဖွဲ့စည်းခြင်း

အမှတ် ၁၆ ။ ။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀ (က) (၂) (၈၀၂/၂၀၁၃) ဖြင့် အမိန့် ကြော်ငြာစာ ထုတ်ပြန်လျက် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရေးဌာနခွဲကို တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်၍ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ဖွဲ့စည်းပုံကို **အရာထမ်း ရာထူး (၅၂) နေရာ၊ အမှုထမ်းရာထူး (၁၁၁) နေရာ၊ စုစုပေါင်းရာထူး (၁၆၃) နေရာ**ဖြင့် အတည်ပြုဖွဲ့စည်း လိုက်သည်။

## ဝန်ကြီးရုံး

### စိုက်ပျိုးရေးဦးစီးဌာန ဖွဲ့စည်းပုံအား အတည်ပြုဖွဲ့စည်းခြင်း

အမှတ် ၁၇ ။ ။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀ (က) (၃) (၈၀၃/၂၀၁၃) ဖြင့် အမိန့် ကြော်ငြာစာ ထုတ်ပြန်လျက် စိုက်ပျိုးရေးသိပ္ပံကျောင်း (၁၀) ကျောင်းတို့အား စိုက်ပျိုးရေးဦးစီးဌာန၏ ဖွဲ့စည်းပုံ၌ ထည့်သွင်းဖွဲ့စည်းထားပြီးဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအား **အရာထမ်းရာထူး (၁၁၁၈) နေရာ၊ အမှုထမ်းရာထူး (၁၆၅၉၅) နေရာ၊ စုစုပေါင်းရာထူး (၁၇၇၁၃) နေရာ**ဖြင့် အတည်ပြုဖွဲ့စည်းလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက် )

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံ ခန့်ခွဲရေးဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၂)၊ နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ခ) တွင် နည်းဥပဒေခွဲငယ် (၆) အဖြစ် အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ရမည် -

**“(၆) ကျေးရွာဥပစာနယ်နိမိတ်မှ နှစ်မိုင်ကွာဝေးခြင်း ရှိ မရှိ၊”**

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၂)၊ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (ခ) ပါ “သဘာဝနယ်မြေများ” ဆိုသည့် စကားရပ်၏နောက်၌ **“ရေဝေရေလဲဒေသများ”** ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ “ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန” ၏

နောက်တွင် **"နှင့်"** ကိုလည်းကောင်း ဖြည့်စွက်ရန်နှင့် "သက်ဆိုင်ရာအခြားဝန်ကြီးဌာနများ" ဆိုသည့် စကားရပ်တွင် **"အခြား"** ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၃)၊ နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ (ခ) ပါ "ပူးတွဲ၍ နည်းဥပဒေ ၂၇ နှင့်အညီ လျှောက်ထားတင်ပြလာလျှင်" ဆိုသည့် စကားရပ်ကို **"ဖြင့် လျှောက်ထားလာလျှင် နေပြည်တော်ကောင်စီ၊"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၅)၊ နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (ခ) ပါ "မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက တစ်ကြိမ်လျှင် ခွင့်ပြုသည့်ဧရိယာကို ၂ နှစ် (နှစ်နှစ်) အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။" ဆိုသည့် စကားရပ်ကို **"မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ကိုင်သူဖြစ်ပါက ခွင့်ပြုသည့်ဧရိယာကို လေးနှစ်အတွင်း ပြီးစီးစေရန် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၅)၊ နည်းဥပဒေ ၄၅၊ နည်းဥပဒေခွဲ (ဃ) ၏အောက်တွင် နည်းဥပဒေခွဲ (င) ကို အောက်ပါအတိုင်း ထပ်မံဖြည့်စွက်ပြီး မူလ နည်းဥပဒေခွဲ (င) ကို နည်းဥပဒေခွဲ (စ) အဖြစ်လည်းကောင်း၊ နည်းဥပဒေခွဲ (စ) ကို နည်းဥပဒေခွဲ (ဆ) အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည် -

> **"(င) လုပ်ပိုင်ခွင့်ရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာများကို နှစ်အလိုက် စိုက်ပျိုးရမည့် ဧကအတိုင်း တောခုတ်၊ တောရှင်းခြင်းကို နှစ်အလိုက် ဆောင်ရွက်စေပြီး၊ အမှန်တကယ် စိုက်ပျိုးခြင်းမရှိဘဲ တောခုတ်၊ တောရှင်းခြင်းကို လုံးဝမပြုလုပ်ရ။"**

၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ၊ အခန်း (၆)၊ နည်းဥပဒေ ၅၂၊ နည်းဥပဒေခွဲ (ခ) ပါ "စိုက်ပျိုးမြေများဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြနိုင်လျှင် ယင်းလက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ နစ်နာမှုမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။" ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးမြေများ ပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ယင်းတို့၏ ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

မြင့်လှိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

## ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ အပိုဒ် ၈၊ အပိုဒ်ခွဲ (က) တွင် ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ စည်ပင်သာယာရေး

လုပ်ငန်းများကို စီမံဆောင်ရွက်ခြင်းနှင့်သတ်မှတ်သော အခွန်စည်းကြပ်ကောက်ခံခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရေးအတွက် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီ၊ ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကယားပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ကယားပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးကို ဆိုသည်။

(ဃ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(စ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့၏ ရုံးဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဆ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဇ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ကယားပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနက ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(ဈ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်။

(ည) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဋ) **အနေးယာဉ်**ဆိုသည်မှာ ခရီးသည် ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ရမ်းငှားခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဌ) **အနေးယာဉ်မောင်းသူ**ဆိုသည်မှာ အနေးယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူကို ဆိုသည်။

(ဍ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ဎ) **မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ မြို့နယ်ခွဲ စည်ပင်သာယာရေးနယ်နိမိတ်ဖြင့် သီးခြားသတ်မှတ်ထားသောဒေသမှအပ သက်ဆိုင်ရာမြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာပြီး ဖွဲ့စည်းထားသည့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တစ်ခုလုံးကို ဆိုသည်။

(ဏ) **မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ မြို့နယ်ခွဲအဖြစ် သတ်မှတ်ကြေညာပြီးဖြစ်သော နယ်မြေဒေသအတွင်းရှိ မြို့နှင့်ကျေးလက်ဒေသများအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်ထားသောနယ်နိမိတ်ကို ဆိုသည်။

(တ) **မြို့စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ မြို့အဖြစ် သတ်မှတ်ကြေညာထားသော ဒေသအတွင်း မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသောနယ်နိမိတ်ကို ဆိုသည်။

(ထ) **အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ကယားပြည်နယ်စည်ပင်သာယာရေး အဖွဲ့များဥပဒေတွင် တိကျစွာသတ်မှတ်ဖော်ပြထားသော ပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများမှအပ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ အစုစပ် သို့မဟုတ် ဖက်စပ်ဖြစ်စေ၊ အသင်း သို့မဟုတ် ကုမ္ပဏီတည်ထောင်၍ဖြစ်စေ ပုဂ္ဂလိက သို့မဟုတ် ကိုယ်ပိုင်အကျိုးအမြတ်ရရှိစေရန် လုပ်ကိုင်ဆောင်ရွက်သော အခြားပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

## အခန်း (၂)
## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးဌာနသည် ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကယားပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့နယ်ခွဲတစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များ သို့မဟုတ် မြို့နယ်ခွဲများ သို့မဟုတ် မြို့များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ် သို့မဟုတ် မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိမြို့များ သို့မဟုတ် မြို့နှင့်တစ်စပ်တည်းရှိသောကျေးရွာများ သို့မဟုတ် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေသောကျေးရွာများ၌ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်ခြင်း။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်စေရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သော နိုင်ငံသားများ ပါဝင်သည့် စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။

၅။ ဝန်ကြီးဌာနသည် ကော်မတီကို ပြည်သူ့ဝန်ထမ်းမဟုတ်သော သင့်လျော်သည့် နိုင်ငံသား ၄ ဦးနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြည်သူ့ဝန်ထမ်း ၃ ဦး အပါအဝင် ကော်မတီဝင် ၇ ဦးဖြင့် ဖွဲ့စည်းရမည်။ လိုအပ်ပါက သင့်လျော်သောအရေအတွက်ထိ တိုးမြှင့်ဖွဲ့စည်းနိုင်သည်။

၆။ (က) ကော်မတီဖွဲ့စည်းရာတွင် ပြည်သူ့ဝန်ထမ်းမဟုတ်သော နိုင်ငံသား ၄ ဦးကို သက်ဆိုင်ရာနယ်နိမိတ်အတွင်း နေထိုင်သော အများပြည်သူ၏သဘောဆန္ဒဖြင့်ဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေ ရွေးချယ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကော်မတီဝင်တစ်ဦးဦးသည် သက်တမ်းကာလမကုန်ဆုံးမီ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ ဆက်လက်တာဝန်

ထမ်းဆောင်နိုင်စွမ်းမရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မတီဝင်နေရာလစ်လပ်လျှင် ပုဒ်မခွဲ (က) ပါ နည်းလမ်းအတိုင်း ရွေးချယ်ရမည်။

၇။ အမှုဆောင်အရာရှိသည် ရာထူးအလျောက် ကော်မတီ၏အတွင်းရေးမှူး ဖြစ်သည်။ ထို့အပြင် ရုံးဝန်ထမ်းအဖွဲ့သည် သက်ဆိုင်ရာကော်မတီ၏ရုံးအဖွဲ့လည်း ဖြစ်သည်။

၈။ ဝန်ကြီးဌာနသည် ကော်မတီဝင်များ၏ ရပိုင်ခွင့်များကို ကယားပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးနိုင်သည်။

၉။ ကော်မတီ၏သက်တမ်းသည် ကယားပြည်နယ်လွှတ်တော်၏သက်တမ်းအတိုင်းဖြစ်သည်။ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ပါ ကော်မတီဝင်တစ်ဦးဦးလစ်လပ်၍ ယင်းနေရာတွင် ဖြည့်စွက်ရွေးချယ်ခံရသူ၏သက်တမ်းသည် ကယားပြည်နယ်လွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းကုန်ဆုံးသည်အထိသာဖြစ်သည်။

၁၀။ ဝန်ကြီးဌာနသည် ကော်မတီကို ဖွဲ့စည်းခြင်း မပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကော်မတီသည် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိကို တာဝန်ပေးအပ်နိုင်သည်။

၁၁။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

## အခန်း (၄)
## လုပ်ငန်းတာဝန်များ

၁၂။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့၏ အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းပြုရမည် -

(က) မြို့ပြနှင့်ကျေးလက်ဒေသစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကျွဲ၊ နွား၊ ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များ၊ ကြီးကြပ်ခြင်း၊

(ည) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန်ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(တ) အနေးယာဉ်များ စီမံခန့်ခွဲခြင်း၊

(ထ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဒ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ပ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်း၊

(ဗ) တည်းခိုခန်းများ၊ အခန်းလိုက်ငှားရမ်းသော အဆောက်အအုံများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများ စစ်ဆေးခြင်း၊

(ဘ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(မ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(ယ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(ရ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(လ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဝ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဟ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ ပြည်နယ်အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ၊ စည်ပင်သာယာရေးနှင့်သက်ဆိုင်သော ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများထံမှဖြစ်စေ၊

ဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ထားသော ဘဏ်များမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေချေးယူခြင်း၊ အထောက်အပံ့များ ရယူခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများ အတွက် သုံးစွဲခြင်း၊

(င) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

(စ) ကော်မတီပိုင် အဆောက်အအုံနှင့်မြေများကို ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ စည်းကမ်း ဖောက်ဖျက်သော ငှားရမ်းသူများအား ဖယ်ရှားခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း။

၁၄။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ဝန်ကြီးဌာနက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း (၆)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၅။ ကော်မတီသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါ အခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးနှင့် အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာအခြားအခွန်များ။

၁၆။ ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၁၇။ ကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၈။ ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြုနိုင်သည်။

၁၉။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သောအခွန်တစ်ရပ်ရပ်ကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသောအခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော်ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသောအခွန်ကို ပြန်လည်ထုတ်ပေးခြင်း။

၂၀။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)

## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၁။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်း၊ ဆောင်ရွက်စေခြင်း ပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကိုရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့် သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့် မညီညွတ်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံး သုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (င) (စ) နှင့် (ဆ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၃။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာ အညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊ ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ လိုအပ်သည့်နေရာများတွင် ရေမြောင်းတူးဖော်စေခြင်း၊ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း၊

၂၄။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ နှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့် နံစော်နေသောအရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေး လုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ယာယီပိတ်ထားစေခြင်း၊ ကျန်းမာရေး နှင့်ညီညွတ်စေရန် ပြင်ဆင်စီမံဆောင်ရွက်စေ၍ ပြန်လည်ခွင့်ပြုခြင်း၊

(ဂ) တည်းခိုခန်း၊ အခန်းလိုက်ငှားသော အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်၊ အင်းနှင့်ဧည့်ဂေဟာတို့ကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူ ပျော်ပွဲရွှင်ပွဲများအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေး တို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၂၅။ ကော်မတီသည် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

## အခန်း (၈)
## အနေးယာဉ်များ စီမံခန့်ခွဲခြင်း

၂၆။ ကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်းလိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(င) အနေးယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၇။ ကော်မတီက ထုတ်ပေးသောလိုင်စင်ရရှိသူသာ အနေးယာဉ်တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၂၈။ ကော်မတီက ထုတ်ပေးသောလိုင်စင်ရရှိသူသာ အနေးယာဉ်မောင်းခွင့်ရှိသည်။

၂၉။ အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၃၀။ ကော်မတီသည် မိမိစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၁။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်း နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကိုလျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၂။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၆။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုနှင့်တစ်ခုအကြား ကူးတို့လုပ်ငန်း တည်ရှိရာဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်း သို့မဟုတ် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးခြင်းများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်ကို ရယူဆောင်ရွက်ရမည်။

၃၇။ ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာကူးတို့လုပ်ငန်း ကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၃၈။ (က) ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မ ၃၇ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ဂ) ပုဒ်မ ၃၆ ပါ ကူးတို့နယ်နိမိတ်ဆိုင်ရာအငြင်းပွားမှုနှင့် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးရေးကိစ္စတို့မှအပ ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၉။ ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၄၀။ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၁။ ကော်မတီနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှု မရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၉ ပါ တိရစ္ဆာန် သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းသတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၃။ ပုဒ်မ ၃၉ သို့မဟုတ် ပုဒ်မ ၄၀ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၄။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၅။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည်။

၄၆။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၇။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၈။ ပုဒ်မ ၁၇၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) တို့အရ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၄၉။ ပုဒ်မ ၄၈ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၅၀။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၃)
## ဘဏ္ဍာရေး

၅၁။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်၍ ဝန်ကြီးထံ တင်ပြရမည်။

၅၂။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းအတည်ပြုနိုင်ရန် ကယားပြည်နယ်အစိုးရအဖွဲ့ထံ ဆက်လက်တင်ပြရမည်။

၅၃။ ကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၅၄။ ကော်မတီသည် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ကောက်ခံခြင်း၊ သုံးစွဲခြင်းပြုရမည်။

၅၅။ ကော်မတီသည် -

(က) ဥပဒေနှင့်အညီ ကောက်ခံရရှိသော နိုင်ငံခြားငွေ အပါအဝင် မိမိအဖွဲ့ရန်ပုံငွေကို သီးခြားဘဏ်စာရင်း ထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပိုင်ခွင့်ရှိသည်။

(ခ) မိမိအဖွဲ့ရန်ပုံငွေမှ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ထည့်ဝင်ရန်ရှိသော ငွေကို ကယားပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ထည့်ဝင်ပေးသွင်းရမည်။

(ဂ) လတ်တလောအသုံးပြုရန်မလိုအပ်သည့် ရန်ပုံငွေကို ဝန်ကြီးဌာန၏ညွှန်ကြားချက်နှင့်အညီ တိုးပွားအောင် ဆောင်ရွက်နိုင်သည်။

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၆။ ဝန်ကြီးဌာနသည် ကယားပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့ တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် ဖွဲ့စည်းပုံပြင်ဆင်သတ်မှတ်ခြင်း၊ သတ်မှတ်ချက်နှင့်အညီ လိုအပ်သော ဝန်ထမ်းအရေအတွက်ကို ဖွဲ့စည်းပုံအတွင်း ခန့်ထားခြင်း၊ လျှော့ချခြင်း ပြုနိုင်သည်။ လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများကို ခန့်ထားနိုင်သည်။

၅၇။ ဝန်ကြီးဌာနသည် ဝန်ထမ်းရေးရာကိစ္စများ ဆောင်ရွက်နိုင်ရန် သင့်လျော်သော ဝန်ထမ်းအဆင့်များ သတ်မှတ်၍ ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၈။ ဝန်ကြီးဌာနသည် အမှုဆောင်အရာရှိက ငွေစာရင်းများကို စနစ်တကျထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၅၉။ အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၆)
## တားမြစ်ချက်များ

၆၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း မပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် အထည် အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုဖြင့် ဖြန့်ထားခြင်း၊ ဆွဲထားခြင်း၊ ပိတ်ဆို့ထားခြင်း၊ ကာရံခြင်း မပြုရ။

၆၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ၊

(ဂ) အမှိုက်၊ မိလ္လာအညစ်အကြေးစသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရ။

၆၂။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်း မပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း ရေသန့်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ၊ ရေချိုးခန်းကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကိုသတ်မှတ်သည့် ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၆၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံလုပ်ငန်းနှင့် စားကုန်သောက်ကုန် ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၅။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင် -

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၆၆။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းများဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၇။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ရောင်းချခြင်းမပြုရ၊

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဆ) အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၈။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရား ဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန် ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ခြင်း

၆၉။ ကော်မတီ သို့မဟုတ် အမှုဆောင်အရာရှိသည် ပုဒ်မ ၇၄ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၇၀။ ကော်မတီ သို့မဟုတ် အမှုဆောင်အရာရှိသည် ပုဒ်မ ၇၄ တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်နိုင်သည်။ ထို့အပြင် သက်ဆိုင်ရာပစ္စည်းများကိုလည်း အဖွဲ့ပိုင်အဖြစ် သိမ်းဆည်းနိုင်သည်။

၇၁။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များချမှတ်သည့် ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၂။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၇၃။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း (၁၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၄။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၁ (င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံး သုတ်စေခြင်း၊ |
| ၂၁ (စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၂၁ (ဆ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ |
| ၂၃ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၃ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့် ဖုံးအုပ်စေခြင်း၊ |
| ၂၃ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း ပြုပြင်စေခြင်း၊ |
| ၂၃ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၃ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၄ (က) | အမှိုက်များ စွန့်ပစ်ရန် အမှိုက်ပုံး၊ အမှိုက်အိတ်များ ထားရှိစေခြင်း၊ |
| ၂၄ (ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အအုံကို သတ်မှတ်စည်းကမ်းနှင့် ဆောင်ရွက်စေခြင်း၊ |
| ၂၇ | အနေ့းယာဉ်လိုင်စင်မရှိဘဲ အနေ့းယာဉ်ကိုတည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၈ | အနေ့းယာဉ်မောင်းလိုင်စင်မရှိဘဲ အနေ့းယာဉ်ကိုမောင်းနှင်ခြင်း၊ |
| ၂၉ | အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၄၃ (ခ) | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ |
| ၆၀ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်း ပိတ်ဆို့ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ခ) | လမ်းနှင့် လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ခင်းကျင်း ဈေးရောင်းခြင်း မပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၁ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့် ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (က) | တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၅။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၁ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၁ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၂၁ (ဂ) | လမ်း၊ တံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အအုံကို ဖယ်ရှားစေခြင်း၊ |
| ၂၁ (ဃ) | အန္တရာယ်ရှိစေသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၂၃ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာ ထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ ရေမြောင်းတူးဖော်စေခြင်း၊ ရေဆိုးများအား စနစ်တကျ သန့်စင်ပြီး စွန့်ပစ်စေခြင်း၊ |
| ၂၃ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၃ (ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေ ပေးစေခြင်း၊ |
| ၂၄ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ယာယီပိတ်ထားစေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၄ (ဂ) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့် အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၅ (က) | အသုံးပြုရန် မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၆၀ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံကျူးကျော်ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ဃ) | ကိုယ်ပိုင်လမ်းဖောက်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (င) | ဝင်ထွက်နိုင်သောလမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (က) | အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း၊ ရေသန့်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၂ (ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်၊ ရေချိုးခန်းကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | လူသေအလောင်းကိုသတ်မှတ်သည့် ကာလထက်ကျော်လွန်၍ မထားရန် တားမြစ်ခြင်း၊ |
| ၆၃ (ခ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက် ကျော်လွန်၍ထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၄ (က) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ခ) | စားသောက်ဆိုင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံ စားကုန်သောက်ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင် ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာ ပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဃ) | ကွဲ့၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ရောင်းချခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (င) | ရေခဲနှင့် အချိုရည်စက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (စ) | အပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ဆ) | အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၆။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၄ ( င ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |
| ၂၅ ( ခ ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၆၅ (က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ ( ခ ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်ပတ်သက်သော ပစ္စည်းများ ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ ( ခ ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၇။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် ချမှတ်ရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၄ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၅၀၀၀ ချမှတ်ခြင်းခံရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၇၅ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၆ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ်

ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၂၀၀၀၀ ချမှတ်ခြင်းခံရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၆၈ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၈၂။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ခြင်းခံရမည်။ ထို့အပြင် ထိုသူအား ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို ဥပဒေနှင့်အညီ ဖျက်ဆီးစေရန်ဖြစ်စေ၊ သိမ်းဆည်းစေရန်ဖြစ်စေ အမိန့်ချမှတ်ရမည်။

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ပုဒ်မ ၄၀ အရ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် အခြားအကြောင်း တစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၃။ (က) ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရစွဲဆိုသော အမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၈၄။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုအပ်သလို အကူအညီပေးရမည်။

## အခန်း (၁၉)
## အထွေထွေ

၈၅။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသော အဖွဲ့များနှင့်ဆက်စပ်သည့်လုပ်ငန်းများဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါအတိုင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည် -

(က) ပြည်နယ်အတွင်းဖြစ်ပါက ဝန်ကြီး၏ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ခ) အခြားတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့်ဆက်စပ်နေပါက ကယားပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ကို ရယူဆောင်ရွက်ခြင်း။

၈၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးဌာနသည် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သောလုပ်ငန်းများနှင့် ဆက်နွှယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှု အရ ကောက်ခံရရှိသည့် အခွန်၊ အခများနှင့် တပ်ရိုက်သောဒဏ်ငွေများမှ သင့်လျော်သော အခွန်အခ အချိုးအစားနှင့် ဒဏ်ငွေအချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၈၇။ ကော်မတီသည် ယခင် စည်ပင်သာယာရေးအဖွဲ့ဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၈၈။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းတို့ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၈၉။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသော တည်ဆဲစည်းမျဉ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်အတည်ဖြစ်စေရမည်။

၉၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကယားပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်ပါက စည်းကမ်းများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်ပါက အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး၊
ဝန်ကြီးချုပ်၊
ကယားပြည်နယ်အစိုးရအဖွဲ့။

# ကယားပြည်နယ်၊ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ် လွှတ်တော်ဥပဒေအမှတ် ၉ ။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂၊ အပိုဒ် ၇၊ အပိုဒ်ခွဲ (ဂ) ပါ ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကယားပြည်နယ် မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှ၍ ကယားပြည်နယ်တစ်ဝန်းလုံးတွင် အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ကယားပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးဌာနကို ဆိုသည်၊

(ဂ) **ဝန်ကြီး**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို တာဝန်ယူရသည့် ပြည်နယ်ဝန်ကြီးကို ဆိုသည်၊

(ဃ) **သဘာဝဘေးအန္တရာယ်**ဆိုသည်မှာ မီးဘေး၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် လေမုန်တိုင်း တိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ လွန်ကဲစွာ မိုးခေါင်ရေရှားခြင်း သို့မဟုတ် ပထဝီဝင်အနေအထား ပြောင်းလဲခြင်းကြောင့် ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ ဇီဝ၊ ဓာတု၊ စက်မှု၊ အဏုမြူအန္တရာယ်ကြောင့် ဖြစ်ပေါ်သောဘေးနှင့် အခြားဘေးအန္တရာယ်တစ်ခုခုကို ဆိုလိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ပြည်နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကော်မတီကို ဆိုသည်၊

(စ) **မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ဆ) **အရန်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်၊

(ဇ) **သီးသန့်မီးသတ်တပ်ဖွဲ့**ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်း များတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံ ခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူတို့၏အသက်အိုးအိမ်၊ စည်းစိမ်၊ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင် ပစ္စည်းများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင် ကာကွယ်တားဆီးရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်မည်ကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန် မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့နှင့်အတူ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) ဘသာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက်နည်းပါးစေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတို၊ ရေရှည် လက်တွေ့ကျသော စီမံချက်များဖြင့် စီမံဆောင်ရွက်ထားရန်၊

(င) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်။

(စ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရန်အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်၊

(ဆ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား အသိပညာပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ လိုအပ်သည့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

## အခန်း (၃)

## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

၆။ ပြည်နယ်မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## အခန်း (၄)

## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းအစီအမံများ ချမှတ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လိုအပ်သောအစီအမံများ ချမှတ်ခြင်း၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေးနှင့် ရှာဖွေကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်အဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ ပြည်သူများ ပါဝင်ကူညီဆောင်ရွက်ရမည့်အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) ထိစပ်နေသော ပြည်နယ်များရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားလူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၅)

## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၈။ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီအဆင့်ဆင့်သည် -

(က) ကော်မတီက ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန် ပညာပေးစည်းရုံးခြင်း ပြုရမည်။

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင် ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များက ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုကြီးကြပ်ကွပ်ကဲရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များကို လိုအပ်သလို ထုတ်ပြန်ရမည်။

(င) ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်း ရှိ၊ မရှိ လိုအပ်သလိုစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းပြုရမည်။

(စ) မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်၊ မီးသတ်စက်ယာဉ်၊ မီးသတ်အထောက်အကူပြုယာဉ်၊ ကွပ်ကဲမှုယာဉ်၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ မီးငြိမ်းသတ်စက်ကိရိယာပစ္စည်းများ၊ စက်သုံးဆီ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါး စသည်တို့ကို အဆင်သင့်အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်စုဆောင်းထားရှိရမည်။

(ဆ) လူနေအိမ်၊ စက်ရုံ၊ အလုပ်ရုံ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများ၊ ဈေးများတွင် လျှပ်စစ်မီး၊ ဓာတ်ငွေ့၊ ထင်း၊ မီးသွေးနှင့် အခြားမီး အသုံးပြုမှုတို့ကို မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် လိုအပ်သလို စစ်ဆေးကြပ်မတ်ရမည်။

(ဇ) မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်မြင့်မားစေရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကျွမ်းကျင်စေရန်အတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်းတွင် ဖွင့်လှစ်သော သင်တန်းများသို့ တက်ရောက်စေခြင်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအလိုက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်လေ့ကျင့်နိုင်ရေး စီမံဆောင်ရွက်ရမည်။

(ဈ) မီးသတ်တပ်ဖွဲ့ဝင်များအတွက် အကာအကွယ်ပစ္စည်းများအား ပြည့်စုံစွာဆောင်ရွက်ပေးရမည်။

၉။ ကော်မတီအဆင့်ဆင့်သည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ရာသီအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံ ဆောင်ရွက်ထားခြင်း၊ ထိုလုပ်ငန်းများအား စစ်ဆေးကြပ်မတ်ခြင်း၊

(ခ) မီးငြိမ်းသတ်ယာဉ်၊ မီးသတ်ရေသယ်ယာဉ်နှင့် အပေါ့စားစက်များ၊ ရေကန်များ၊ ရေစင်များ၊ ရေငုတ်များ၊ ရေရရှိနိုင်သောနေရာများ လုံလောက်မှုရှိစေရန် စီစဉ်ထားရှိခြင်း၊

(ဂ) ပြည်သူလူထုအား မီးဘေးအသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်စေခြင်း၊

(ဃ) ရပ်ကွက်၊ ကျေးရွာများနှင့် ဈေးကြီးများတွင် မီးကင်းများ အလှည့်ကျတာဝန်ချထားခြင်း၊ မီးငြိမ်းသတ်ယာဉ်များ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်အောင် လမ်းများ ဖောက်လုပ်ထားရှိ

စေခြင်း၊ တောမီးမှတစ်ဆင့် အဆောက်အအုံများ မီးမကူးစက်စေရန် မီးတားလမ်းများ ဖောက်လုပ်ထားရှိစေခြင်း၊

(င) စက်သုံးဆီအရောင်းဆိုင်နှင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် မီးဘေးကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း။

၁၀။ ကော်မတီအဆင့်ဆင့်သည် လေဘေး၊ ရေလွှမ်းမိုးမှုဘေးနှင့် ကပ်ရောဂါဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရမည် -

(က) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်ထုတ်ပြန်ထားသော သတိပေးချက်များကို ပြည်သူသို့ အချိန်နှင့်တစ်ပြေးညီ ထပ်ဆင့်ထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်း၊

(ခ) ရေလွှမ်းမိုးနိုင်မည့် နေရာဒေသများရှိ ပြည်သူများအား ဘေးကင်းရာသို့ ကြိုတင်ပြောင်းရွှေ့ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ရေကောင်းရေသန့်များ ကြိုတင်စုဆောင်းထားရှိခြင်း၊

(ဂ) မြစ်ချောင်းများအတွင်းသို့ အမှိုက်နှင့် အခြားပစ္စည်းများ၊ ပလတ်စတစ် သို့မဟုတ် မဆွေးမြေ့နိုင်သော ပစ္စည်းများ စွန့်ပစ်ခြင်းမပြုရန် ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် တားမြစ်ခြင်း၊

(ဃ) ရေစီးကြောင်း ပြောင်းလဲစေနိုင်သော မြစ်ချောင်း ကမ်းပါးအစပ်များနှင့် ဆည်ရေများလွှတ်သည့် ရေစီးကြောင်းတစ်လျှောက် နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့် နေထိုင်သူများအား ပြောင်းရွှေ့နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(င) ရေလွှမ်းမိုးနိုင်သည့်နေရာဒေသများတွင် ရေထွက်ပေါက်များ စနစ်တကျကြိုတင်ဆောင်ရွက်ပေးခြင်း၊

(စ) မြစ်ချောင်းများတွင် ရေစီးကြောင်းပြောင်းလဲစေခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြစ်ချောင်း၊ ကမ်းပါးများ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေလွှမ်းမိုးမှု ဖြစ်ပေါ်ပါက ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကော်မတီမှ နေရာဒေသများ ကြိုတင်ရှာဖွေ သတ်မှတ်ပေးထားခြင်းနှင့် ရွှေ့ပြောင်းရေးယာဉ်များ ကြိုတင်စီမံထားရှိခြင်း။

၁၁။ ကော်မတီအဆင့်ဆင့်သည် အောက်ပါလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည် -

(က) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် သတိပေးချက်များအား ပြည်သူသို့ အချိန်မီထပ်ဆင့်ထုတ်ပြန်ပေးခြင်းနှင့် အသိပေးခြင်း၊

(ခ) မြစ်ချောင်း၊ ကမ်းပါးအစွန်များတွင် နေထိုင်သူများကို နေထိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊

(ဂ) ရေဘေးအန္တရာယ်ကင်းလွတ်သည့်နေရာများတွင်သာ နေထိုင်စေခြင်း၊

(ဃ) ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်းများ ဖြစ်နိုင်သည့် နေရာဒေသများတွင် တာတမံနှင့် ရေတားနံရံများ၊ မြေထိန်းနံရံများနှင့် ရေထိန်းနံရံများကို ဆောက်လုပ်ခြင်း၊

(င) ရေလွှမ်းမိုးတတ်သည့် နယ်မြေဒေသများ၌ နေထိုင်သူများအား မြေငလျင်ဘေးနှင့် မြေပြိုဘေးများအတွက် သင်တန်းပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခြင်း။

၁၂။ ကော်မတီအဆင့်ဆင့်သည် မြေငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်စေရန် အသိပေးခြင်းနှင့် ပြိုကျနိုင်မည့် အဆောက်အအုံများကို ပြင်ဆင်စေရန် ညွှန်ကြားရမည် -

(က) ကော်မတီအဆင့်ဆင့်သည် မြေငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံများ တည်ဆောက်ရန်အတွက် ဆောက်လုပ်ရေးဆိုင်ရာစံသတ်မှတ်ချက်များ သတ်မှတ်ပြီး လိုက်နာကျင့်သုံးစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) ငလျင်အန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း၊ မြေငလျင်ကြောင့် တွဲလျက်ဖြစ်ပေါ်တတ်သော ဆူနာမီဘေး၊ မြေပြိုဘေးများအတွက် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်များ ရေးဆွဲထားခြင်း၊

(ဂ) ပြိုကျနိုင်သော အဆောက်အအုံများကို ပြင်ဆင်စေရန် ညွှန်ကြားခြင်းနှင့် တောင်စောင်းဆင်ခြေလျော၊ ကျောက်တောင်များအနီးရှိ အန္တရာယ်ကျရောက်နိုင်သော အဆောက်အအဦများ ရွှေ့ပြောင်းရန် ညွှန်ကြားခြင်း၊

(ဃ) ပြည်သူများအား ငလျင်ဘေးအန္တရာယ်၊ ဆူနာမီဘေးနှင့် မြေပြိုဘေးအန္တရာယ်သင်တန်းများ ပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း။

၁၃။ ကော်မတီအဆင့်ဆင့်သည် လေမုန်တိုင်းအန္တရာယ်နှင့်စပ်လျဉ်း၍ မိုးလေဝသသတင်းထုတ်ပြန်ချက်များအား ပြည်သူလူထုသို့ အချိန်မီထပ်ဆင့်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ အသိပေးခြင်းများကို ဆောင်ရွက်ပေးရမည့်အပြင် လိုအပ်ပါက ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်းကို ကြီးကြပ်ဆောင်ရွက်ရမည်။

၁၄။ ကော်မတီအဆင့်ဆင့်သည် ကမ္ဘာမြေကြီး၏ ပြောင်းလဲလာသော ရာသီဥတုကြောင့် ဖြစ်ပေါ်လာသော မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားနှင့်ပိုးမွှားအန္တရာယ် ကပ်ရောဂါဘေးအပါအဝင် အခြားသဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပေါ်နိုင်ရန် အကြောင်းရှိသည့်အခါ အဆိုပါဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ လျော့ပါးသက်သာစေနိုင်သည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရမည်။

## အခန်း (၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၅။ မည်သူမဆို မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ နှောင့်ယှက်ဟန့်တားခြင်းမပြုရ။

၁၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၇။ မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၇)
## အထွေထွေ

၁၉။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များထံမှ တောင်းခံနိုင်သည်။

၂၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၁။ ဤဥပဒေအရ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကိစ္စတစ်ရပ်ရပ်အတွက် သဘောရိုးဖြင့်ဆောင်ရွက်သော ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရဖြင့်သော်လည်းကောင်း တရားစွဲဆိုအရေးယူခွင့် မရှိစေရ။

၂၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်ပါက အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး၊
ဝန်ကြီးချုပ်၊
ကယားပြည်နယ်အစိုးရအဖွဲ့။

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **တိုင်းဒေသကြီးအစိုးရ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တိုင်းဒေသကြီး အတိုင်းအတာအရ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်း အစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ဃ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် အကောင်အထည်ဖော်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(င) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(စ) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(ဆ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဈ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ည) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တော ကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ် ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန် ဈေးနှုန်းအရ ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၁. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက ၂. ၇ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၄၂. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍတွင် ၃၆. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ဝ.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၃.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၀၆.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၉.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇.၀ ရာခိုင်နှုန်းမှ ၂၅.၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉.၄ ရာခိုင်နှုန်းမှ ၂၉.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၃.၆ ရာခိုင်နှုန်းမှ ၄၄.၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်။

## အခန်း (၃)

## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေမြေဒေသအခြေအနေနှင့် ကိုက်ညီပြီး မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်သုံးစွဲစိုက်ပျိုးရေးကို ဆောင်ရွက်ရန်၊

(၂) တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေးနည်းပညာများ လေ့ကျင့်ပညာပေးခြင်း၊ စိုက်ပျိုးရေးပညာရှင်များအား စိုက်ပျိုးရေးဘာသာရပ်ကို တိုးချဲ့သင်ကြားပေးခြင်းဖြင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရန်၊ လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၃) စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၄) တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့်အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၅) သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ကုန်ကျစရိတ်လျှော့နည်းရေး၊ အရည်အသွေး မြင့်မားရေး၊ ဈေးကွက်ခိုင်မာရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးတို့ကို ကူညီဆောင်ရွက်ရန်၊

(၆) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေး အားပေးဆောင်ရွက်ရန်၊

(၇) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မျိုးကောင်း၊ မျိုးသန့် စပါးမျိုးစေ့များ ဆက်လက်ထုတ်လုပ်ရေး၊

(၂) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရေး၊

(၃) သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ရေး၊

(၄) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရေး၊

(၅) စိုက်ပျိုးသီးနှံများတွင် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊

(၆) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ ဖော်ထုတ်ရေး၊

(၇) ဆည်ရေသောက်ဧကများ အပြည့်အဝ ရေပေးဝေစိုက်ပျိုးနိုင်ရန် တူးမြောင်းများ၊ ခေတ်မီ ပြန်လည်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်မည်။ တိုင်းဒေသကြီးတွင် ဧက (၁၀၀) စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် လုပ်ငန်းရှင်များ၏အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ကူညီဆောင်ရွက်မည်။

(၂) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်မည်။

(၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အထူးအထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် မျိုးပွားထုတ်လုပ်ခြင်းနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်မည်။

(၄) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန် ဆောင်ရွက်သွားမည်။

(၅) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြု နိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်း ကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်မည်။

(၆) စက်မှုလယ်ယာစနစ်ကျ လယ်ကွက်များကို မန္တလေးတိုင်းဒေသကြီးတွင် ဧက (၃၀၀) ဖော်ထုတ်မည်။

(၇) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် (၁၅၀၀၀) ဧက ရေပေးဝေနိုင်ရန် ဆောင်ရွက်မည်။

၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**မွေးမြူရေးနှင့်ရေလုပ်ငန်း**

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ်မှတ်ထားသည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သားငါးကဏ္ဍ၏ စုစုပေါင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုံမှန်ဈေးနှုန်းအရ အခြေခံနှစ်အပေါ် (၁.၂) ဆ ဖြစ်ပေါ်ရန်နှင့် (၆.၃) ရာခိုင်နှုန်း တိုးတက်ရေး၊

(၂) စီမံကိန်းကာလအတွင်း စုစုပေါင်းအသားထုတ်လုပ်မှုကို (၉.၁) ရာခိုင်နှုန်း တိုးတက် ဖြစ်ပေါ်စေရေး၊

(၃) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ပျားထွက်ပစ္စည်းထုတ်လုပ်မှုကို (၁၀. ၁) ရာခိုင်နှုန်း တိုးတက်ရေး၊

(၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငါးပုစွန်ထုတ်လုပ်မှုကို (၀. ၉) ရာခိုင်နှုန်း တိုးတက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူနိုင်ရေးအတွက် ကူညီဆောင်ရွက်မည်။

(၂) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချပြီး အရည်အသွေး ကောင်းမွန်သော ထွက်ကုန်များကို သွင်းကုန်အစားထိုးရေးနှင့် ပြည်ပဈေးကွက်ရရှိရေး ဆောင်ရွက်မည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးနှင့် မွေးမြူထုတ်လုပ်မှုတိုးတက်စေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်မည်။

(၄) နိုင်ငံခြားငွေ တိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်မည်။

(၅) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း (Closed Area နှင့် Closed Season) ငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများ ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်။

(၆) ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် သားငါးဆိုင်ရာ ခေတ်မီနည်းပညာများ၊ နည်းပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ် (Integrated Farming System) ပေါ်ထွက်လာစေရေး ကူညီဆောင်ရွက်မည်။

(၇) ဌာနပိုင်အကျိုးအမြတ်မရနိုင်သည့် မွေးမြူရေးခြံများအား လုပ်ငန်းလျှော့ချ၍ အကျိုးအမြတ် သေချာမည့် မွေးမြူရေးလုပ်ငန်းများတွင် တိုးချဲ့ဆောင်ရွက်မည်။

(၈) မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများကို လုံလောက်စွာ ထုတ်လုပ်နိုင်ခဲ့ပြီး၊ နိုင်နင်းစွာ ကာကွယ်နိုင်ခဲ့ပြီဖြစ်သော်လည်း ထပ်မံရင်ဆိုင် ရမည့် ဆုံးရှုံးမှုကြီးမားသော တိရစ္ဆာန်ရောဂါများကို သုတေသနပြုခြင်း၊ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၉) သုတေသနလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာ၊ နည်းပညာ လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ခြင်း၊ နိုင်ငံတကာ အကူအညီများ ညှိနှိုင်းရယူခြင်းများ ဆောင်ရွက်မည်။

(၁၀) စံချိန်စံညွှန်းမီ တိရစ္ဆာန်ကုသဆေးဝါးများ၊ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်ခြင်း၊ အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်မည်။

(၁၁) ငါး၊ ပုစွန်၊ နွား၊ ဝက် စသည်ဖြင့် လိုအပ်သော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များကို ဒေသအလိုက် လိုအပ်ချက်နှင့်အညီ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည်။

၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊

(၂) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရန်၊

(၃) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်၊

(၅) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပြည်သူလူထုမှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ်လျက်ရှိသော သစ်များကို ဖြည့်ဆည်းရောင်းချပေးနိုင်ရန်၊

(၆) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(၇) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရန်။

( ခ ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး၊

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်မည်။

(၂) ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေး နယ်မြေများကို သစ်တောကဏ္ဍ ပင်မစီမံကိန်းပါ ရည်မှန်းချက်များနှင့်အညီ တိုးချဲ့ဖွဲ့စည်းသတ်မှတ်မည်။

(၃) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေး သစ်တောစိုက်ခင်းများ တည်ထောင်မည်။

(၄) မြေအခြေအနေပေးသော ကျေးရွာများ၊ မြို့များတွင် ထင်းစိုက်ခင်းများကို စီမံချက်ဖြင့် ပြည်သူလူထုကို စည်းရုံးစိုက်ပျိုးမည်။

(၅) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်း၊ တာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်မည်။

(၆) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်။

(၇) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်။

(၈) အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းမည်။

(၉) အပူပိုင်းဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းမည်။

(၁၀) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးနှင့် ထင်းအစား အခြားလောင်စာသုံးစွဲရေး ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးအတွက် ထိထိရောက်ရောက် စည်းရုံးဆောင်ရွက်မည်။

(၁၁) အပူပိုင်းဒေသတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျခြင်းမှ ကာကွယ်နိုင်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက်မည်။

(၁၂) ကျေးလက်ပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်မည်။

(၁၃) အပူပိုင်းဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ၊ စိမ်းလန်းစိုပြည်လာစေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်မည်။

(၁၄) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲမည်။

(၁၅) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်မည်။

(၁၆) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေး နည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်မည်။

(၁၇) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်မည်။

(၁၈) သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံ ကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်မည်။

(၁၉) သစ်အခြေခံ စက်မှုလုပ်ငန်းထွက်ကုန် အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ် များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ် များ ရရှိလာစေရန် ဆောင်ရွက်မည်။

(၂၀) နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်မည်။

(၂၂) ပြည်တွင်း/ပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်း များအား စေလွှတ်မည်။

၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**စွမ်းအင်ကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်း တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊

(၂) စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ဒေသအတွင်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ထက် (၄၂. ၈) ရာခိုင်နှုန်း၊ တိုးတက် ထုတ်လုပ်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေနံတိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပုဂ္ဂလိကလုပ်ငန်းများအား ဖိတ်ခေါ်ပြီး တိုးချဲ့ရှာဖွေ ထုတ်လုပ်မည်၊

(၂) ရေနံတွင်းသစ်များ တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများက ထုတ်လုပ်မှု လျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်မည်၊

(၃) ရေနံထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်မည်။

၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုများအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ဦးတည်ဆောင်ရွက်ရန်၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရန်၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) ဓာတ်သတ္တု သယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပိုမိုထုတ်လုပ်အစားထိုးရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်း ပျက်စီးမှု မရှိစေရေးနှင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေး ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုများ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေတိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရေး၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်းစသည့် လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်ရေး၊

(၄) တိုင်းဒေသကြီးအတွင်း၌ ကျောက်မျက်ရတနာဈေးကွက် ပေါ်ပေါက်၍ ရေရှည်တည်တံ့ ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးအတွက် နည်းလမ်းသစ်များ ရှာဖွေဆောင်ရွက်ရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မည်။

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရန် စီမံဆောင်ရွက်မည်။

(၄) တိုင်းဒေသကြီးအတွင်း ကျောက်မျက်ရတနာဈေးကွက် ပေါ်ထွက်ပြီး ကျယ်ပြန့်စွာ ရောင်းဝယ်နိုင်ခြင်းဖြင့် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေမည်။

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် စီမံချက်များ ချမှတ်၍ အလေးထားဆောင်ရွက်မည်။

၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒများ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**စက်မှုလက်မှုကဏ္ဍ**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ၊ တန်ဖိုးမြင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ခြင်းဖြင့် အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရန်၊

(၂) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရန်၊

(၃) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ပူးပေါင်းဆောင်ရွက်ရန်၊

(၄) လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မြှင့်တင်ပေးရေး၊ နည်းပညာ အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရန်၊

(၅) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် အစိမ်းရောင် စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြင့် ဆောင်ရွက်ရေး၊

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ၎င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရေး၊

(၃) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ရည်မှန်းချက်ထက် (၉.၅) ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကဏ္ဍနှင့် ငွေကြေးကဏ္ဍ လုပ်ငန်းစဉ်အားလုံးကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၂) အပေါ့စားစက်မှုလုပ်ငန်း (ဥပမာ- အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ) ပြည်ပပို့ကုန်မြှင့်တင်ရေး/ပြည်ပသွင်းကုန် အစားထိုးစက်မှုလုပ်ငန်းများ၊ အလုပ်သမားအများအပြားသုံးရသည့် စက်မှုလုပ်ငန်းများ၊ ဗဟုသုတအခြေခံနှင့် နည်းပညာအခြေခံသည့် စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု အများအပြားသုံးရသည့် စက်မှုလုပ်ငန်းများ (ဥပမာ-အကြီးစားစက်မှုလုပ်ငန်းများ) ကို ဦးစားပေးဆောင်ရွက်မည်။

(၃) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ တိုးတက်မှုဖြစ်လာစေရေး နည်းပညာအကူအညီ ပံ့ပိုးပေးမည်။

(၄) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းအထောက်အကူပြု အဖွဲ့အစည်းများ၊ တစ်နေရာတည်းမှ ခွင့်ပြုဆောင်ရွက်ပေးသည့်စနစ်ဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်ပေးမည်။

(၅) စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိက၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုပါဝင်စေပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး လိုအပ်သောအခွန်ကိစ္စနှင့် ဥပဒေရေးရာကိစ္စရပ်များကို ပံ့ပိုးပေးမည်။

(၆) ကျွမ်းကျင်လုပ်သားများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပြီး၊ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများအဖြစ် နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ရေး နည်းဗျူဟာကို ကျင့်သုံးမည်။

(၇) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်။

(၈) တည်ဆောက်ပြီး စက်မှုဇုန်များနှင့် စက်မှုဇုန်သစ်များကို လိုအပ်သလို တည်ဆောက်အကောင်အထည်ဖော်ပေးမည်။

(၉) ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဒေသများ၌ အခြေခံစက်မှုလုပ်ငန်းများ အပါအဝင်အခြားစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသန္တရ စက်မှုလုပ်ငန်းများကို အားပေးတည်ထောင်မည်။

(၁၀) စီးပွားရေးအထူးဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မည်။

၁၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**လျှပ်စစ်စွမ်းအား**

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရရှိနိုင်သမျှ စွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(၂) တိုင်းဒေသကြီးအတွင်း အနာဂတ်စွမ်းအင်လုံလောက်မှုရှိပြီး အရန်စွမ်းအင်ထားရှိရေးနှင့်ရေရှည်အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိ အသုံးပြုနိုင်ရေးဆောင်ရွက်ရန်၊

(၃) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းများကို တိုးတက်လာသော ခေတ်မီနည်းစနစ်များနှင့်အညီ ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေး စက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာအကူအညီများ ပံ့ပိုးပေးရေး၊

(၂) ဓာတ်အားပေးစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေးနှင့် လျှပ်စစ်မီးရရှိသည့် ကျေးရွာအရေအတွက် ပိုမိုလာ စေရေး၊

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူး၊ သုံးစွဲနေသော မြန်မာနိုင်ငံဓာတ်အားစနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအဆင့်အတွင်း ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာ အကူအညီအရယူကာ ဆက်လက် ဆောင်ရွက်ရေး၊

(၄) တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရေအားလျှပ်စစ် ဓာတ်အား ထုတ်လုပ်မှုများအပြင် လေစွမ်းအင်နှင့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံ များကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်တည်ဆောက်၍ ဓာတ်အားလိုအပ်ချက်ကို အားဖြည့် ကူညီပံ့ပိုးပေးရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားလိုအပ်ချက်များကို အားဖြည့်ပြီး လိုအပ်သော ရပ်ကွက်ကျေးရွာများသို့ တိုးချဲ့ ဖြန့်ဖြူးပေးမည်။

(၂) လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း ဓာတ်အား ဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့အကောင်အထည်ဖော် တည်ဆောက် မည်။

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှု၊ သုံးစွဲမှုတို့ကို အချိန်နှင့်တစ်ပြေးညီ ထိန်းညှိကွပ်ကဲနိုင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ခေတ်မီနည်းပညာသုံး ဓာတ်အားကွပ်ကဲရေးစနစ် SCADA ကို တပ်ဆင်အကောင်အထည်ဖော်မည်။

(၄) အရည်အသွေးကောင်းမွန်ပြီး ဓာတ်အားပျောက်ဆုံးမှုနည်းသော ထရန်စဖော်မာများ၊ အရည် အသွေး ကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများကို ဝယ်ယူ၍ တပ်ဆင် သုံးစွဲခြင်းဖြင့် ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးတို့တွင် ဓာတ်အားပျောက်ဆုံးမှု လျော့ကျရန် ဆက်လက်ဆောင်ရွက်မည်။

(၅) စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အထူးသဖြင့် ရေအားလျှပ်စစ်စက်ရုံများ ထုတ်လုပ်မှု လျော့နည်းသွားချိန် နွေရာသီကာလများတွင် ပိုမိုထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်မည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၇၁၄ (င)/၄-နစရ/ဝကရ (၆၅) နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ဝ၁၆/၂-၃၃၂/အစရ (ရှမ်း) တို့အရ ပြည်နယ်ရုံးခွဲနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၄) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဒေသများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| **စဉ်** | **အမည်နှင့်ဒေသ** | **ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူးနှင့်ဒေသ** |
|---|---|---|
| ၁။ | ဦးဇော်ဝင်း<br>ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ (လားရှိုး)<br>(အမှုဆောင်အရာရှိ၊ ပူးတွဲတာဝန်)<br>လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | ဒုတိယညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်<br>စည်ပင်သာယာရေးအဖွဲ့ရုံးခွဲ (လားရှိုး) |
| ၂။ | ဦးသက်ပိုင်<br>(အမှုဆောင်အရာရှိ)<br>မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | ဒုတိယညွှန်ကြားရေးမှူး<br>(အမှုဆောင်အရာရှိ)<br>လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ |
| ၃။ | ဦးမောင်မောင်ဝင်း<br>(အမှုဆောင်အရာရှိ)<br>တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | ဒုတိယညွှန်ကြားရေးမှူး<br>(အမှုဆောင်အရာရှိ)<br>မူဆယ်မြို့နယ်<br>စည်ပင်သာယာရေးအဖွဲ့ |
| ၄။ | ဦးနေထက်ရှိန်<br>(အမှုဆောင်အရာရှိ)<br>ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ | ဒုတိယညွှန်ကြားရေးမှူး<br>(အမှုဆောင်အရာရှိ)<br>တောင်ကြီးမြို့နယ်<br>စည်ပင်သာယာရေးအဖွဲ့ |

အမှတ် ၂။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၇၁၄ (င)/၄-နစရ/ဝကရ (၆၅) နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၀၁၆/၂-၃၃၂/အစရ (ရှမ်း) တို့အရ ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအေးကိုအား ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

စိုးကိုကို၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## ဆည်မြောင်းဦးစီးဌာန
## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက် )

(၁) မြန်မာနိုင်ငံ ၁၉၀၅ ခုနှစ်၊ တူးမြောင်းအက်ဥပဒေ အခန်း (၁) ပုဒ်မ (၃)၊ ပုဒ်မခွဲ (၁) နှင့် အက်ဥပဒေ အခန်း (၁၂) ပုဒ်မ (၇၉) ပုဒ်မခွဲ (၁) တို့ဖြင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဆည်ရေသောက်ဧရိယာများရှိ ရေနုတ်မြောင်းအားလုံး၏ နယ်နိမိတ်သတ်မှတ်ချက်ကို နေပြည်တော်ကောင်စီ၏ သဘောတူညီချက်အရ အောက်ပါအတိုင်း သတ်မှတ်ကြော်ငြာလိုက်သည် -

| ရေနုတ်မြောင်းအမျိုးအစား | အနည်းဆုံးရှိရမည့် နယ်နိမိတ်အလျား |
|---|---|
| (၁) ရေနုတ်မြောင်းအောက်ခြေအကျယ် (၄၀) ပေ | ရေနုတ်မြောင်းအောက်ခြေအကျယ် ဗဟိုအူကြောင်းမှ ဝဲ/ယာ (၁၀၀) ပေစီ |
| (၂) ရေနုတ်မြောင်းအောက်ခြေအကျယ် (၃၀) ပေ | ရေနုတ်မြောင်းအောက်ခြေအကျယ် ဗဟိုအူကြောင်းမှ ဝဲ/ယာ (၇၅) ပေစီ |
| (၃) ရေနုတ်မြောင်းအောက်ခြေအကျယ် (၂၀) ပေ | ရေနုတ်မြောင်းအောက်ခြေအကျယ် ဗဟိုအူကြောင်းမှ ဝဲ/ယာ (၅၀) ပေစီ |

(၂) ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားရှိသော ဆည်ရေသောက်ဧရိယာများရှိ ရေနုတ်မြောင်း နယ်နိမိတ်အတွင်း ကျွဲ၊ နွားများ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း၊ ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊ ရေနုတ်မြောင်း နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ သီးနှံများ စိုက်ပျိုးခြင်း၊ မြေကြီးတူးဖော်၍ အသုံးပြုခြင်း စသည့် ရေနုတ်မြောင်းဘောင်များအား တစ်နည်းနည်းဖြင့် ထိခိုက်လွှမ်းမိုးခြင်းအန္တရာယ်များမှ ကာကွယ်ရန်အတွက် ဤအမိန့်ကို ထုတ်ပြန်လိုက်ပါသည်။ ပြစ်မှုကျူးလွန်သူများအား မြန်မာနိုင်ငံ တူးမြောင်းအက်ဥပဒေ အခန်း (၁၁) ပုဒ်မ (၇၅) အောက်ရှိ ပြစ်မှုများအလိုက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းဦးစီးဌာန။

## မြေတိုင်းဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

အမှတ် ၁ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (ဆ) (၆)/(၂၃၁/၂၀၁၃) ဖြင့် ခွင့်ပြုချက်အရ မြေတိုင်းဦးစီးဌာန၊ ဘူမိပမာဏနှင့် အမှတ် (၂) မြေတိုင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလှခိုင်အား မြေတိုင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ညွှန်ကြားရေးမှူး (စီမံကိန်းနှင့်စီမံခန့်ခွဲရေး) ရာထူးနေရာသို့ လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

သန်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
မြေတိုင်းဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

### ညွှန်ကြားရေးမှူးချုပ်ရုံး

မန္တလေးမြို့၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

အမှတ် ၅၉ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၉/၂၀၁၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၄)/(၄၁၇/၂၀၁၂) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဦးစီးအရာရှိ (အစမ်းခန့်) (၃) ဦးအား အစမ်းခန့်ကာလ (၆) လ ပြည့်မြောက်ပြီးသည့် ယှဉ်တွဲပါနေ့ရက်များမှစ၍ အမြဲတမ်းအတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိနေရာ | အတည်ပြုခန့်သည့်နေ့ |
|---|---|---|---|
| (၁) | ဦးတင့်ခိုင် | အင်ဂျင်နီယာဌာန၊ ဦးစီးရုံးချုပ် | ၂၁-၄-၂၀၀၉ |
| (၂) | ဦးသူရကျော် | လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မကွေးခရိုင်၊ မကွေးတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |
| (၃) | ဦးရဲထွန်း | ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၂၃-၁၁-၂၀၁၁ |

### ညွှန်ကြားရေးမှူးချုပ်ရုံး

အမှတ် ၆၀ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၉/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး

ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၅)/(၄၂၆/၂၀၁၂) တို့အရ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများတွင် အစမ်းခန့် (၆) လ တာဝန်ထမ်းဆောင်ခဲ့ပြီးသော အောက်ဖော်ပြပါ သန္ဓေဝန်ထမ်း ဦးစီးအရာရှိ (အစမ်းခန့်) (၃) ဦးအား အစမ်းခန့်ကာလပြည့်မြောက်ပြီးသည့် ယှဉ်တွဲပါနေ့ရက်များမှစ၍ အမြဲတမ်းအတည်ပြုခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိနေရာ** | **အတည်ပြုခန့်သည့်နေ့** |
|---|---|---|---|
| (၁) | ဦးအောင်ကျော်ကျော် | မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး | ၂၅-၁၂-၂၀၁၂ |
| (၂) | ဦးစိုင်းသာထွန်း | မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | ၂၅-၁၂-၂၀၁၂ |
| (၃) | ဦးစောဇော်ထွန်း | ဆင်ပေါင်ဝဲမြို့နယ် မကွေးတိုင်းဒေသကြီး | ၂၅-၁၂-၂၀၁၂ |

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန

**ရုံးအမှတ် (၅၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၃၈၅ ။ ။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ စာအမှတ် ၂၆ ပညာ ၂ (ဂ) ၂၀၁၂ (၆၀၀) နှင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃) ၏ သဘောတူချက်အရ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာတွင် သုတေသနလက်ထောက်-၂ ဦးဇော်ဝင်းအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ဒေါက်တာမျိုးသိမ်းကြီး၊
ညွှန်ကြားရေးမှူးချုပ်၊
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**အာရှ စိုက်ပျိုးရေးသုံးဆေးထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက်**

**ASIA AGRO CHEMICAL INDUSTRY CO., LTD.**

၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **အာရှ စိုက်ပျိုးရေးသုံးဆေးထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (ASIA AGRO CHEMICAL INDUSTRY CO., LTD.)** အား ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Zaw Moe Win
Managing Director
ASIA AGRO
CHEMICAL INDUSTRY CO., LTD.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အာရှ စိုက်ပျိုးရေးသုံးဆေးထုတ်လုပ်မှုလုပ်ငန်း
ကုမ္ပဏီလီမိတက်

## အာရှစံ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဖျက်သိမ်းရန်ကြေညာချက်

၁။ **အာရှစံ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၆-၂၀၁၃) နေ့တွင် ကုမ္ပဏီရုံး၌ ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ချိုချိုတိုး [နိုင်ငံသား မှတ်ပုံတင်အမှတ် ၁၂/မရက (နိုင်) ၀၇၀၈၅၃] ကို ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၂၉-၇-၂၀၁၃) နေ့ နောက်ဆုံးထား၍ ဒေါ်ချိုချိုတိုး (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

Thin Thin Kyi
Managing Director
Asia San Trading Co., Ltd.

ဒေါ်ချိုချိုတိုး
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၇)၊ ဒုတိယထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## UNITED RAINBOW COMPANY LIMITED

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**UNITED RAINBOW COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-၄၆၊ ပြည်လမ်း၊ ၆-မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၌ (၂၉-၇-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
UNITED RAINBOW COMPANY LIMITED

**CONSTANT LOADSTAR COMPANY LIMITED**

(ဆန္ဒအလျောက်ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**CONSTANT LOADSTAR COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၈ (င) အရ အမှတ်-၄၅၊ ၄-လွှာ၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၌ (၂၉-၇-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
CONSTANT LOADSTAR COMPANY LIMITED

**ELEVENTH DIAMOND STAR MINING COMPANY LIMITED**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **ELEVENTH DIAMOND STAR MINING COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၆-၆-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ အခန်းအမှတ်-၃၀၃၊ ၄-လွှာ၊ ၃၄-လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချိုချိုမြင့် B.Com (Q), C.P.A, Dip in Business Law (စာရင်းစစ်)၊ ၈/ခမန (နိုင်) ၀၀၆၅၇၆ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမြင့်သိန်း
မန်နေးဂျင်းဒါရိုက်တာ
Eleventh Diamond Star Mining Co., Ltd.

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## COMPANY LIQUIDATION VOLUNTARY LIQUIDATION OF RIVER AND LAKE TRAVELS & TOURS COMPANY LIMITED

In accordance with the **RIVER AND LAKE TRAVELS & TOURS COMPANY LIMITED'S** extra-ordinary annual general meeting resolution is passed at 19-6-2013 U Nyein Tin **(LL.B) Advocate** is appointed as company's liquidator on that meeting.

The company's creditors standing as at 31-5-2013 balance sheet date is requested to submit their claims together with the supporting legal documents to the abovementioned liquidator not later than one month.

Daw Kaythi Khine
Managing Director,
River and Lake Travels & Tours Co., Ltd
No. 148/21, Corner of A1 Chan Street &
Mya Thiri Street, 9 Mile,
Mayangone Township, Yangon.
Ph : 01-651-694

U Nyein Tin **(LL.B)**
**Advocate**
Company's Liquidator
Building 16, Room 14, Pyae Yeik Mom Housing,
Kamayut Township, Yangon.
Ph : 01-535810

## ဘဝကမ္ဘာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
## Life World Trading Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **ဘဝကမ္ဘာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၅-၆-၂၀၁၃) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ **(B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၆-၇-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးမျိုးကျော်
မန်နေးဂျင်းဒါရိုက်တာ
ဘဝကမ္ဘာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
**(B.Com, C.P.A)**
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၅၀၇၁၁၇

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၈-၆-၂၀၁၃။